# ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းဖွဲ့စည်းခြင်း

**ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေး စီမံကိန်း** (UEHRD -Formation of Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine) ကို မကြာမီက မြန်မာအစိုးရသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်မှ ဦးဆောင်ပြီး ဖွဲ့စည်းခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေး စီမံကိန်းသည် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်ရန်အတွက် ဦးတည်ဖွဲ့စည်းထားသည့် ယန္တရား တစ်ခုဖြစ်ပြီး၊ နိုင်ငံတော်အစိုးရနဲ့အတူ ပြည်တွင်း/ပြည်ပနိုင်ငံ အဖွဲ့အစည်းပေါင်းစုံ ပါဝင်နိုင်မှု၊ ကဏ္ဍစုံ/အလွှာစုံပါဝင်နိုင်မှု၊ လုပ်ငန်းမျိုးစုံ ဆောင်ရွက်နိုင်မှုတို့အတွက်လည်း ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေး စီမံကိန်းသည် အောက်ပါ လုပ်ငန်း (၃) ရပ်ကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(၁) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများထိထိရောက်ရောက် ပေးအပ်ရေးနဲ့ ဒုက္ခသည်များ ပြန်လည်လက်ခံရေး၊

(၂) ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေး၊

(၃) ဒေသဖွံ့ဖြိုးရေးနဲ့ ရေရှည် ပဋိပက္ခကင်းဝေးရေး၊

အစိုးရအနေဖြင့် အဆိုပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ World Bank နဲ့ ADB ကဲ့သို့ ဘဏ္ဍာရေးအဖွဲ့အစည်းတွေ၊ Nippon Foundation ကဲ့သို့ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ ပါဝင်နိုင်ရန် ဖိတ်ခေါ်ထားပါသည်။

ထို့ကြောင့် လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေး စီမံကိန်း ၏ website ဖြစ်သည့် htpp://rakhine.unionenterprise.org/ သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး၊ အောက်ဖော်ပြပါ ဘဏ်စာရင်းများသို့ ထည့်သွင်းနိုင်ပါသည် -

မြန်မာကျပ်ငွေဖြင့် ဘဏ်စာရင်း-

- ဘဏ်အမည်။ မြန်မာ့စီးပွားရေးဘဏ်
- ဘဏ်ခွဲ။ နေပြည်တော်
- စာရင်းရှင် စာရင်းအမှတ်။ CF-003434

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
026
★ BANGKOK ★

အမေရိကန် ဒေါ်လာငွေဖြင့် ဘဏ်စာရင်း-

- Myanma Economic Bank
- Bank Branch: Naypyitaw
- Account Number: EDU 600002